# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး
# (၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၆ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၇ ရက်**

**(၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၀ ရက်)**

**(အင်္ဂါနေ့)**

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ပြည်သူ့လွှတ်တော်အစည်းအဝေးကို ကြီးကြပ်ကွပ်ကဲသူအဖြစ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ခေတ္တညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**ကိုယ်စားလှယ်များ။** ။ မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ပါပြီခင်ဗျား။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦးရှိတဲ့အနက် ၃၁၅ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၇၅ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးကို ကြိုတင်ဖြန့်ဝေထားတဲ့ အစီအစဉ်များအတိုင်း ဆက်လက်ဆောင်ရွက်ပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ**။ ။ ယခု အစည်းအဝေးကို မတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များအတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဒေါက်တာစိုးရင်(အတွင်းရေးမှူး၊ လွှတ်တော်အခွင့်အရေးကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ ခွင့်ပန်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ကျွန်တော် ပြည်သူ့လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးအနေဖြင့် တင်ပြပါ့မယ်။ ယနေ့ခွင့်ပန်ကြားသူများမှာ-

(၁) ရမည်းသင်းမဲဆန္ဒနယ်မှ ဦးဘိုနီ ခွင့် ၂ ရက်၊

(၂) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော် ခွင့် ၂ ရက်၊

(၃) ပုသိမ်မဲဆန္ဒနယ်မှ ဦးဝင်းမြင့် ခွင့် ၂ ရက်၊

(၄) ဟသ်ာတမဲဆန္ဒနယ်မှ ဦးဌေးဦး ခွင့် ၁ ရက်၊

(၅) တပ်ကုန်းမဲဆန္ဒနယ်မှ ဦးမောင်ဦး ခွင့် ၁ ရက်၊

**မူကြမ်း**

(၆) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင် ခွင့် ၂ ရက်၊

(၇) ဆားလင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းမြင့် ခွင့် ၂ ရက်၊

(၈) ရေးမဲဆန္ဒနယ်မှ ဒေါ်မိမြင့်သန်း ခွင့် ၁ ရက်၊

(၉) ဂန့်ဂေါမဲဆန္ဒနယ်မှ ဦးအောင်မြင့် ခွင့် ၂ ရက်၊

(၁၀) ညောင်လေးပင်မဲဆန္ဒနယ်မှ ဦးစိုးမြင့် ခွင့် ၁ ရက်၊

(၁၁) ဂွမဲဆန္ဒနယ်မှ ဦးကြည်သာ ခွင့် ၁ ရက်၊

(၁၂) ရွှာငံမဲဆန္ဒနယ်မှ ဦးအောင်သိန်း ခွင့် ၂ ရက်၊

(၁၃) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ ခွင့် ၁ ရက်၊

(၁၄) ကျောက်ပန်းတောင်းမဲဆန္ဒနယ်မှ ဒေါက်တာဇော်မြင့်မောင် ခွင့် ၁ ရက်၊

(၁၅) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ် ခွင့် ၁ ရက်၊

(၁၆) ပင်လောင်းမဲဆန္ဒနယ်မှ ဦးခွန်မောင်သောင်း ခွင့် ၁ ရက်၊

(၁၇) တွန်းဇံမဲဆန္ဒနယ်မှ ဦးဟောက်ခန့်မန် ခွင့် ၁ ရက်၊

(၁၈) ပုဏ္ဏားကျွန်းမဲဆန္ဒနယ်မှ ဦးထွန်းအောင်ကျော် ခွင့် ၂ ရက်၊

(၁၉) ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ ခွင့် ၁ ရက်၊

(၂၀) ထန်ထလန်မဲဆန္ဒနယ်မှ ဒေါ်ဇာတလဲမ်း ခွင့် ၂ ရက်၊

(၂၁) မြိုင်မဲဆန္ဒနယ်မှ ဦးမြင့်အောင် ခွင့် ၂ ရက်၊

(၂၂) ပခုက္ကူမဲဆန္ဒနယ်မှ ဦးပိုက်ကို ခွင့် ၂ ရက်၊

(၂၃) ပွင့်ဖြူမဲဆန္ဒနယ်မှ ဒေါက်တာအောင်မိုးညို ခွင့် ၂ ရက်၊

(၂၄) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ ခွင့် ၂ ရက်၊

(၂၅) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း ခွင့် ၂ ရက်၊

(၂၆) ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု ခွင့် ၁၁ ရက်၊

(၂၇) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး ခွင့် ၁ ရက်နှင့်

(၂၈) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင် ခွင့် ၁ ရက်တို့ဖြစ်ကြပါတယ်။ ယနေ့ ခွင့်ပန်ကြားသူများအား ခွင့်ပြုပေးပါရန် လေးစားစွာ ပန်ကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌ။ ။ ခွင့်ပန်ကြားသူအားလုံးကို ခွင့်ပြုပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၀ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၇၇ ဦး၊ ယနေ့ခွင့်ပြုထားသူ ၂၈ ဦးဖြစ်၍ လွှတ်တော်ကခွင့်ပြုထားသူစုစုပေါင်း ၁၀၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက် ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေတင်ပြချက်ကို အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က သဘောတူတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းအစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

**လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်(လယ-၃၀) လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားကန့်သတ်ချက်များ ဖြေလျှော့ပေးရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

ဥက္ကဋ္ဌ။ ။ ဦးစွာ ပေါက်မဲဆန္ဒနယ်မှ ဦးခင်မောင်ညို မေးမြန်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် လွှတ်တော်လေ့လာရေးအဖွဲ့ဝင်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညို ဖြစ်ပါတယ်။ ကျွန်တော့်

အနေနဲ့ လယ်ယာမြေနှင့်ပတ်သက်သည့်မေးခွန်းအား မေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးခင်ဗျား။ လယ်ယာမြေဥပဒေတွင် အခြားနည်းဖြင့် အသုံးပြုခွင့်၊ လျှောက်ထားခွင့်ရှိသလို ထိုဥပဒေ၏ နည်းဥပဒေများတွင် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေး၊ မြို့ပြဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးလက်လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်သည့် စာသင်ကျောင်း၊ ကျန်းမာရေး၊ ဆေးရုံ၊ ဆေးခန်း၊ စာကြည့်တိုက် စသည့်အဆောက်အဦများအတွက် လယ်ယာမြေကို အသုံးပြုနိုင်ခွင့်ရှိသည်ဟု ဖော်ပြထားပါတယ်။ အထက်ပါကဲ့သို့ ဥပဒေနှင့် နည်းဥပဒေများအရ ဥပဒေကို လေးစားလိုက်နာလိုသည့်ပြည်သူများ၊ ရပ်မိရပ်ဖအပေါင်းတို့က လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) မြေပုံရေးကူးခွင့်လျှောက်ထားခြင်းများကို ပြုလုပ်ခဲ့သော်လည်းများစွာခက်ခဲမှုများနှင့် ကြုံတွေ့နေရပါတယ်။ ယခုအခါ လယ်ယာမြေကို မြေစာရင်းပုံစံ(၁၀၅) မြေပုံရေးကူးခွင့်လျှောက်ထားရာတွင်ပင် တိုင်းဒေသကြီးအစိုးရ၏ ညွှန်ကြားချက်အရ ယင်းအဖွဲ့၏ ခွင့်ပြုချက်ကို ထောက်ခံချက်ပေါင်း ၂၅ စောင်ခန့်တို့ဖြင့် လျှောက်ထားနေရခြင်းများကြောင့် စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများ၊ ပေါ်ပေါက်ရေးအတွက် အခက်အခဲဟန့်တားမှုများ ဖြစ်နေရပါတယ်။ ထို့အတူ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထားရာတွင်လည်း ခက်ခဲလှသည့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်အပါအဝင် အခြားအခက်အခဲများ ရှိနေပါတယ်။ ဥပမာ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့်ပတ်သက်၍ လွှတ်တော်တွင် ကြယ်ပွင့်ပြမေးခွန်း မေးမြန်းခဲ့ရာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက လျှောက်ထားလာပါကဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ဖြေကြားခဲ့ပါတယ်။ ထိုဖြေကြားချက်အပေါ် ပေါက်မြို့အဝင်လယ်ယာမြေများကို အခြားနည်းအသုံးပြုနေကြသည့် တောင်သူ ၆၀ ဦးခန့်က လျှောက်ထားခဲ့သော်လည်း ယနေ့အထိ ခွင့်ပြုချက်မရရှိခဲ့ပါ။ ဒါ့ကြောင့် ဥပဒေကို လေးစားလိုက်နာလို၍ ဥပဒေနှင့်အညီလျှောက်ထားကြသော်လည်း ဆောင်ရွက်ပေးမှုအားနည်းနေပြီး ဥပဒေကို ဆန့်ကျင်ကာ ခွင့်ပြုချက်မလျှောက်ထားဘဲ အခြားနည်းအသုံးပြုနေမှုများကိုလည်း ဥပဒေနှင့်အညီ ထိရောက်စွာတားဆီးနိုင်မှုမရှိခြင်းကြောင့် ဥပဒေကို အမှန်တကယ်လေးစားလိုက်နာလိုသူ ပြည်သူများက ဥပဒေစိုးမိုးမှုအားနည်းနေသည်ဟု ထင်မြင်ယူဆနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ပြည်သူများအတွက် အမှန်တကယ်အကျိုးရှိ၍လိုအပ်နေသည့် လယ်ယာမြေများကို အခြားနည်းအသုံးပြုခွင့်(လယ-၃၀) လျှောက်ထားခြင်းနှင့်မြေစာရင်း ပုံစံ(၁၀၅) မြေပုံရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားကန့်သတ်ချက်များနှင့်ပတ်သက်၍ လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်။ (၁) လယ်ယာမြေကို အခြားနည်း

အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) မြေပုံရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားချက်၊ ကန့်သတ်ချက်များကြောင့် ဥပဒေကိုလေးစားလိုက်နာလိုသူ ပြည်သူများနှင့် ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်း လုပ်ကိုင်နေသည့် ရပ်မိရပ်ဖအဖွဲ့အစည်းများအတွက် အတားအဆီး အဟန့်အတား သဖွယ်ဖြစ်နေကာ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် သက်ဆိုင်နေသည့် စာသင်ကျောင်း၊ ကျေးလက်ကျန်းမာရေးဌာန၊ ဆေးရုံ၊ ဆေးခန်းများ ပေါ်ပေါက်ရေးအတွက် ခက်ခဲဟန့်တားမှုများဖြစ်နေသည်ကို ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ/မရှိ။ ပေါက်မြို့အဝင် တောင်သူ ၆၀ ဦး ခန့်က ၂၈-၁၁-၂၀၁၃ ရက်နေ့က လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားသော်လည်း ယနေ့အထိ တစ်နှစ်ကျော်ကြာခဲ့သည့်တိုင် ခွင့်ပြုချက်မရခြင်းမှာ ၎င်းလျှောက်ထားချက်များ မည်သည့်အဆင့်ရောက်၍ မည်သည့်နေရာဌာနနှင့် ပုဂ္ဂိုလ်တို့တွင် မည်သို့သောအကြောင်းများကြောင့် မည်မျှစီကြာနေရပါသနည်း။ ထိုသို့ကြန့်ကြာမှုအပေါ် မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နှင့် (လယ-၃၀)လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းများအပေါ် ညွှန်ကြားချက်၊ ကန့်သတ်ချက်များအား ဖြေလျှော့ပေးရန် အစီအစဉ်ရှိ/မရှိနှင့် ရှိပါက မည်သို့ဆောင်ရွက်ပေးနိုင်မည်နည်း။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ရှင်းလင်းဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဧည့်သည်တော်များခင်ဗျား။ မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ ပေါက်မဲဆန္ဒနယ်၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ညိုရဲ့ ကြယ်ပွင့်ပြမေးခွန်းအပေါ်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအုန်းသန်းက ရှင်းလင်းဖြေကြားသွားမှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းထားတဲ့ ပေါက်မြို့အဝင် တောင်သူ ၆၀ တို့ရဲ့ လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားသည့်မြေနေရာဟာ မကွေးတိုင်းဒေသကြီး၊ ပခုက္ကူခရိုင်၊ ပေါက်မြို့နှင့်တစ်ဆက်တစ်စပ်တည်းဖြစ်တဲ့ အင်းတောကျေးရွာအုပ်စု ကွင်းအမှတ်(၁၆၀၁) ရှိ တောင်သူ ၅၆

ဦးရဲ့ ဦးပိုင်ပေါင်း ၆၁ ဦးပိုင်၊ ဧရိယာ ၂၇.၃၈ ဧကရှိသည့် ယာမြေအမျိုးအစားဖြစ်သဖြင့် လယ်ယာမြေဥပဒေပုဒ်မ ၃၀ ပုဒ်မခွဲ(ခ)အရ ဗဟိုလယ်ယာမြေစီမံခန့်ခွဲရေးအဖွဲ့သို့ တင်ပြလျှောက်ထားရန်မလိုဘဲ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ ခွင့်ပြုနိုင်သည့် လုပ်ငန်းအမျိုးအစားဖြစ်ပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားရာမှာ လယ်ယာမြေနည်းဥပဒေ ၈၄ အရ မြေပိုင်ဆိုင်မှုနှင့် မြေရာဇဝင်သိရှိနိုင်ရန် စာရင်းမြေပုံကောက်နုတ်ချက်မိတ္တူ မြေစာရင်းပုံစံ (၁၀၅) ပူးတွဲတင်ပြရန်လိုအပ်ပြီး လျှောက်ထားမှုနှင့်စပ်လျဉ်းပြီး မြို့မြေတိုးချဲ့ရန်ကိစ္စရပ်များဖြစ်ပါက မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၏ဆုံးဖြတ်ချက်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးများမှလည်းကောင်း၊ ကျေးရွာမြေတိုးချဲ့ရန်ဖြစ်ပါက သက်ဆိုင်ရာကျေးရွာအုပ်စု စီမံခန့်ခွဲမှုကော်မတီရဲ့ဆုံးဖြတ်ချက်နှင့် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးမှလည်းကောင်း လျှောက်ထားရမှာဖြစ်ပါတယ်။

၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေပြဋ္ဌာန်းပြီးတဲ့နောက်ပိုင်း လယ်ယာမြေကို အခြားနည်းအသုံးပြုရန် လျှောက်ထားတဲ့ကိစ္စရပ်များအတွက် မြေစာရင်းပုံစံ (၁၀၅) ရေးကူးခွင့်ကို ယခင် ဗဟိုက ခွင့်ပြုချက်နှင့် ဆောင်ရွက်နေရာမှ ယခု သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ ခွင့်ပြုချက်နဲ့ ဆောင်ရွက်နိုင်ရန် ဖြေလျှော့ပေးခဲ့ပြီးလည်း ဖြစ်ပါတယ်။ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်နဲ့ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ကြီးကနေပြီးတော့ ၁၁-၃-၂၀၁၃ ရက် မေးခွန်းနဲ့ မေးမြန်းခဲ့တဲ့အပေါ်မှာ ၂၅-၆-၂၀၁၄ ရက်နေ့မှာ လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ညီညွတ်စွာဖြင့် သက်ဆိုင်ရာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အဆင့်ဆင့်မှ စိစစ်တင်ပြလာပါက ဖြေရှင်းဆောင်ရွက်ပေးသွားမည်ဟု ဖြေကြားခဲ့တာဖြစ်ပါတယ်။ အဆိုပါလျှောက်ထားမြေမှာ မြို့မြေတိုးချဲ့ရန်အကြောင်းအရာဖြင့် လယ်ယာမြေအခြားနည်းအသုံးပြုခွင့် လျှောက်ထားရန် အင်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးမှ ၂၈-၁၀-၂၀၁၃ ရက်နေ့ လေးလခန့်ကြာမြင့်ပြီးမှသာ မြေပုံရေးကူးခွင့် တင်ပြလာခြင်းအပေါ် စိစစ်ရာမှာ လျှောက်ထားလိုတဲ့ အကြောင်းအရာသည် မြို့မြေတိုးချဲ့ရန်ကိစ္စဖြစ်၍ မြို့နယ်မြေယာစီမံခန့်ခွဲမှုကော်မတီအစည်းအဝေးဆုံးဖြတ်ချက်ဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အုပ်ချုပ်ရေးမှူးက လျှောက်ထားရန်ဖြစ်သော်လည်းပဲ အင်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက လျှောက်ထားခဲ့သဖြင့် ရွာမြေတိုးချဲ့နိုင်ရန် အကြောင်းအရာဖြင့် ပြန်လည်လျှောက်ထားစေရန် ရှင်းလင်းခေါ်ယူအသိပေးပြီး ၂၂-၄-၂၀၁၄ ရက်နေ့ ခြောက်လခန့်ကြာမှသာလျှင် အင်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက ရေးကူးလိုတဲ့ အကြောင်းအရာ ရွာမြေတိုးချဲ့ရန်ဟု ပြန်လည်ဖော်ပြပြီး လျှောက်ထားလာသဖြင့် မှားယွင်းစွာလျှောက်

ထားမှုအတွက် ကြန့်ကြာနေခဲ့ခြင်းဖြစ်ပါတယ်။ လိုအပ်တဲ့အထောက်အထားများကို စိစစ်ပြီးတော့ ၂၀၁၄ ခုနှစ် စက်တင်ဘာလကုန်မှာ မြေစာရင်းပုံစံ(၁၀၅) ရေးကူးပေးခဲ့ကြောင်း၊ လယ်ယာမြေအား အခြားနည်းအသုံးပြုခွင့်ရရှိရေးအတွက် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဆက်လက်တင်ပြထားကြောင်း သိရှိရပါတယ်။ ဆက်လက်၍ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးခွန်းပါ လယ်ယာမြေကို အခြားနည်း အသုံးပြုခွင့်လျှောက်ထားခြင်းနှင့် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်လျှောက်ထားခြင်းများ အပေါ်မှာ ညွှန်ကြားချက်၊ ကန့်သတ်ချက်များဖြေလျှော့ပေးရန်နှင့်ပတ်သက်ပြီး လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားရန်အတွက် မြေစာရင်းပုံစံ(၁၀၅) ရေးကူးခွင့်ကို သက်ဆိုင်ရာ နေပြည်တော်ကောင်စီ/တိုင်းဒေသကြီး/ပြည်နယ်အစိုးရရဲ့ စိစစ်ကြီးကြပ်မှုဖြင့် ရေးကူးခွင့်ပြုထားပြီး ဖြစ်တဲ့အပြင် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့်လျှောက်ထားခြင်းကိစ္စရပ်များမှအပ အခြား လုပ်ငန်းကိစ္စရပ်များဖြစ်တဲ့ ဂရန်လျှောက်ထားခြင်း၊ အမည်ပြောင်းလျှောက်ထားခြင်း စသည့်လုပ်ငန်း ရပ်များကို နေပြည်တော်ကောင်စီ၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့များအတွင်းရှိ မြို့မြေများမှအပ ကျန်တိုင်းဒေသကြီး/ပြည်နယ်များအတွင်းရှိ မြို့မြေများနှင့်စပ်လျဉ်းသည့် မြေစာရင်းပုံစံ(၁၀၅) လျှောက်ထားမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် မြေစာရင်းဦးစီးဌာနမှ ပြည့်စုံစွာလျှောက်ထားလာပါက တည်ဆဲဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တစ်လအတွင်း ပြီးစီးအောင် ဆောင်ရွက်ပေး လျက်ရှိပါကြောင်း ဖြေကြားအပ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ဦးခင်မောင်ညို(ပေါက်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နည်းဥပဒေ ၁၁၄ နည်းဥပဒေခွဲ(ဃ)အရ တစ်ဆက်တစ်စပ်တည်း မေးမြန်းခွင့်ပြုပါခင်ဗျား။ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဖြေကြားသွားတာ အထူးကျေးဇူးတင်ပါတယ်။ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပိုင်းကိုပဲ အဓိကဖြေကြားသွားတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒီလယ်ယာမြေကို အခြားနည်းနဲ့အသုံးပြုခွင့်လျှောက်ထားတဲ့အခါမှာ လယ်ယာ စိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန တစ်ခုတည်းသာမဟုတ်ဘဲနဲ့ သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့ အစည်းများနှင့် သက်ဆိုင်နေတဲ့အတွက် ဒါကြောင့် မိမိအနေနဲ့ တစ်ဆက်တစ်စပ်တည်း မေးလိုပါတယ်။ အခု ပေါက်မြို့နယ် မြို့အဝင်မှာ တောင်သူ ၆၀ ဦးခန့်က လျှောက်ထားတဲ့လျှောက်ထားချက်တွေဟာ သက်ဆိုင်ရာက ညွှန်ကြားတဲ့အတိုင်းပဲ လျှောက်ထားခဲ့တယ်။ ညွှန်ကြားမှုအမျိုးမျိုးဖြစ်နေတဲ့အတွက် ကြန့်ကြာနေရတယ်ဆိုတာကိုရော ပြည်ထောင်စုဝန်ကြီးက ညှိနှိုင်းဆောင်ရွက်ပေးဖို့ အစီအစဉ်ရှိ/မရှိ။ နောက်ပြီးကျတော့ ကျွန်တော်တို့ အုပ်ချုပ်ရေးအဖွဲ့အစည်းနဲ့ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့်

ဆည်မြောင်းဝန်ကြီးဌာန၊ ဌာနချင်းညှိနှိုင်းပေါင်းစပ်ပေးနိုင်မှုရှိ/မရှိ။ ဒါလည်း ဘာလို့လည်းဆိုတော့ ကျွန်တော်တို့ ဒီ မြေပုံ(၁၀၅) ရေးကူးခွင့်ပြုတဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့များကနေပြီးမှ ညွှန်ကြားထားချက်တွေရှိတယ်လို့ ကျွန်တော့်အနေနဲ့ လေ့လာသိရှိရပါတယ်။ ဒီလိုညွှန်ကြားချက်တွေ ထဲမှာ ထောက်ခံချက်ပေါင်း ၂၅ စောင်ခန့်ပါပြီးခါကျမှ ရေးကူးခွင့်လျှောက်ထားတဲ့အခါမှာလည်း တော်တော့်ကို ခက်တောင့်ခက်ခဲနဲ့ ပုံစံတည်ဆောက်ပြီးခါကျမှ လျှောက်ထားတဲ့အတွက် သက်ဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညှိနှိုင်းပေါင်းစပ် ပေးနိုင်ခြင်းရှိ/မရှိ ဒါလေးကိုလည်း သိလိုပါတယ်။ နောက်အခါကျတော့ ဒီ ပေါက်မြို့နယ်မှာ လျှောက်ထားချက်များနှင့်ပတ်သက်ပြီး ကြန့်ကြာနေမှုများဟာ သဘောရိုးနဲ့ကြန့်ကြနေမှုဟုတ်/မဟုတ်။ ဒါလေးကို ဖြေကြားပေးနိုင်ပါရန် လေးစားစွာ မေးမြန်းအပ်ပါတယ်။

**ဦးအုန်းသန်း(ဒုတိယဝန်ကြီး၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစား အပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် လျှောက်ထား တဲ့နေရာမှာ လယ်ယာမြေနဲ့ပတ်သက်လို့ စီမံခန့်ခွဲတာကိစ္စကို ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေး နှင့်ဆည်မြောင်းဝန်ကြီးဌာနက ဆောင်ရွက်တဲ့အတွက် လယ်ယာမြေကို အခြားနည်းအသုံးပြုခွင့် ရနိုင် အောင်အထိကို သက်ဆိုင်ရာမြို့နယ်မြေစာရင်းဦးစီးမှူး၊ ခရိုင်မြေစာရင်းဦးစီးမှူးများက ကျွန်တော်တို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်။ ဒါလည်းပဲ ကျွန်တော်တို့ ဗဟိုကနေပြီးတော့ ညွှန်ကြားချက်တွေ ထုတ်ပြီးတော့ ရက်ပေါင်း ၃၀ အတွင်းမှာ ပြည့်စုံတဲ့ဟာဆိုရင် ချက်ချင်း (၁၀၅) ရရှိအောင် ဆောင်ရွက် ဖို့ဆိုပြီးတော့ ကျွန်တော်တို့ ညွှန်ကြားထားတာဖြစ်ပါတယ်။ သို့သော်လည်းပဲ အများပြည်သူအကျိုးငှာ အခြားနည်းအသုံးပြုခွင့် လျှောက်ထားလာတဲ့ စာသင်ကျောင်း၊ ဆေးရုံ၊ မြို့ရွာမြေ တိုးချဲ့တဲ့ကိစ္စတွေ က သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများဖြစ်တဲ့ စီမံခန့်ခွဲရေးကော်မတီတွေကနေ ဆုံးဖြတ်ချက် လုပ်ပြီးတော့ သက်ဆိုင်ရာမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးမှူးကနေ စလျှောက်ထားရမှာဖြစ်ပါ တယ်။ လျှောက်ထားတဲ့အပေါ်မှာ ကျွန်တော်တို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အနေကတော့ ညွှန်ကြာချက်အတိုင်း ဆောင်ရွက်ပေးနေတာရှိပါတယ်။ ပေါက်မြို့နယ်အဝင်ဖြစ်တဲ့ကိစ္စ ကတော့ မြေဟာ ကျေးရွာအုပ်စုက ယာမြေဖြစ်ပြီးတော့ မြို့မြေတိုးချဲ့ရန်လို့ လျှောက်ထားလာတဲ့ အတွက်ကြောင့် ကြန့်ကြာနေတာဖြစ်ပါတယ်။ လျှောက်ထားမှု နည်းနည်းလွဲနေတဲ့အတွက်ကြောင့် ဒါကို ချက်ချင်းပြန်ပြင်ပြီးတော့ ကျေးရွာမြေတိုးချဲ့ရန်လို့ ပြန်ပြီးတော့ လျှောက်ထားခဲ့တဲ့အတွက် ချက်ချင်း လည်းပြန်လုပ်ပေးတာဖြစ်ပါတယ်။ ပြီးတဲ့အခါကျရင်တော့ သက်ဆိုင်ရာထွေ/အုပ်ရုံးကို သက်ဆိုင်ရာ

ကျေးရွာအုပ်စုကနေ တင်ပြရတာဖြစ်ပါတယ်။ ထွေ/အုပ်ကတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး အစိုးရအဖွဲ့ကို တင်တဲ့အခါမှာ တိုင်းဒေသကြီးအစိုးရအဖွဲ့က ခွင့်ပြုမိန့်ချပေးရတဲ့လုပ်ငန်းဖြစ်ပါတယ်။ ဒါကြောင့် သက်ဆိုင်ရာထွေ/အုပ်ရုံးမှာ ရောက်ရှိလာတဲ့လာတယ်လို့ ကျွန်တော်တို့ သိရှိရပါတယ်။ ဒါကြောင့် သက်ဆိုင်ရာထွေ/အုပ်ရုံးနဲ့ ဆက်စပ်ပြီးတော့ ကျွန်တော်တို့ ဆောင်ရွက်သွားမယ်ဆိုရင် အမြန်ဆောင်ရွက်ပေးနိုင်မှာဖြစ်ကြောင်း ကျွန်တော့်အနေနဲ့ ပြန်လည်ဖြေကြားအပ်ပါတယ်။

**နိုင်ငံတစ်ဝှမ်းရှိ လမ်းများအား ဦးစားပေးအဆင့်များ သတ်မှတ်ကာ လမ်းသားများ၊ လမ်းဧရိယာများကို လုံလောက်စွာ ဖောက်လုပ်ရယူသတ်မှတ်ထားရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဟိုပုန်းမဲဆန္ဒနယ်မှ ဦးခွန်သိန်းဖေမေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးခွန်သိန်းဖေ(ဟိုပုန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်တဲ့ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှပြုပြင်ပြောင်းလဲရေးနဲ့ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေး၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို တစိုက်မတ်မတ်ဆောင်ရွက်လာခဲ့ရာ လမ်းပန်းဆက်သွယ်ရေးအပိုင်းတွင် ကျေးရွာချင်းဆက်လမ်းများ၊ မြို့နယ်ချင်းဆက်လမ်းများ၊ ခရိုင်ချင်းဆက်လမ်းများ၊ ပြည်နယ်ချင်းဆက်လမ်းများ၊ ပြည်ထောင်စုလမ်းမကြီးများ များစွာတိုးတက်ကောင်းမွန်လာသည်နှင့်အမျှ ပြည်သူများသည် လမ်းဘေးဝဲယာသို့ ရွှေ့ပြောင်းအခြေချ နေထိုင်မှုများလာပြီး၊ စျေးဆိုင်ခန်းများဆောက်လုပ်လာခြင်း အထူးပင်များပြားလျက်ရှိပါသည်။ ယင်းသို့ရွှေ့ပြောင်းနေထိုင်လာရာတွင် ဆောက်လုပ်ပြီးသည့်လမ်းများမှာ လမ်းဧရိယာ အလုံအလောက်မသတ်မှတ်ရသေးခြင်း၊ လမ်းသားများလုံလောက်စွာ ရယူဖောက်လုပ်ထားခြင်းမရှိသည့်အတွက် ပြည်သူများသည် လမ်းဧရိယာအတွင်းတွင် ကျူးကျော်နေထိုင်သကဲ့သို့ ဖြစ်နေသည့်အပြင် အခိုင်အမာ အုတ်တံတိုင်းများခတ်ခြင်း၊ တိုက်အိမ်များဆောက်လာခြင်းရှိသည့် အတွက် နောင်တွင်လမ်းချဲ့လိုသည့်အခါ ပြည်သူနဲ့တိုက်ရိုက်ပြဿနာ ဖြစ်လာနိုင်ပါမည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ဝှမ်းလုံးရှိ လမ်းများအား ဦးစားပေးအဆင့်များသတ်မှတ်ကာ လမ်းသားများ၊ လမ်းဧရိယာများကို လုံလောက်စွာရယူ ဖောက်လုပ်သတ်မှတ်ထားပေးရန် အစီအစဉ်ရှိ/မရှိ လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးစားစွာမေးမြန်းအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါ တယ်။

**ဖြေကြားချက်**

**ဦးစိုးတင့်(ဒုတိယဝန်ကြီး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသော ဧည့်သည်များအားလုံး ကျက်သရေမင်္ဂလာအဖြာဖြာနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်း ရင်းနှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ဒုတိယ ဝန်ကြီးဦးစိုးတင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရှမ်းပြည်နယ်၊ ဟိုပုန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီး ဦးခွန်သိန်းဖေမှမေးမြန်းထားတဲ့ နိုင်ငံတစ်ဝှမ်းရှိလမ်းများအား ဦးစားပေးအဆင့် များသတ်မှတ်ကာ လမ်းသားများ၊ လမ်းဧရိယာများကို လုံလောက်စွာ ဖောက်လုပ်ရယူသတ်မှတ် ထားရန် အစီအစဉ်ရှိ/မရှိ သိရှိလိုတဲ့မေးခွန်းအား ရှင်းလင်းတင်ပြသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ လမ်းအရှည် ၉၈၉၉၃ မိုင်ရှိတဲ့ အနက် လမ်းမိုင်ပေါင်း ၂၄၉၃၄ မိုင် ၆ ဖာလုံ ရာခိုင်နှုန်းအားဖြင့် ၂၆ ရာခိုင်နှုန်းခန့်ကို ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဆောင်ရွက်ရတဲ့လမ်းများမှာ ကတ္တရာလမ်းအဆင့် ၅၁ ရာခိုင်နှုန်းနဲ့ ကျောက်လမ်း၊ အမာခံလမ်း၊ မြေလမ်းအဆင့် ၄၉ ရာခိုင်နှုန်းဖြစ်ပါတယ်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ နိုင်ငံတကာဆက်သွယ်ရေးလမ်းနဲ့ ပြည်ထောင်စုလမ်းများကို ဦးစားပေး (၁) အဖြစ်လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ်ချင်းဆက်လမ်းများကို ဦးစားပေး (၂) အဖြစ်လည်းကောင်း၊ ခရိုင်/မြို့နယ်ချင်းဆက်လမ်းများကို ဦးစားပေး (၃) အဖြစ်လည်းကောင်းစသည် ဖြင့်ခွဲခြားပြီးတော့ ငါးနှစ်စီမံကိန်း၊ နှစ် ၂၀ စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်လျက်ရှိရာမှာ ပထမဦးစားပေးလမ်းများကို အာဆီယံလမ်းမကြီးများအဆင့်-၂ (Class 2) ဖြစ်တဲ့ ၂၄ ပေအကျယ် ကတ္တရာလမ်းအဆင့်ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ ဒုတိယနဲ့တတိယ ဦးစားပေးလမ်းများကို အနည်းဆုံး ၁၂ ပေအကျယ် ကတ္တရာလမ်းအဆင့်အဖြစ်လည်းကောင်း၊ နိုင်ငံတကာနဲ့ ပြည်ထောင်စုလမ်းမကြီး ပေါ်မှာရှိတဲ့ တံတားများကိုလည်း အမြဲတမ်းသံကူကွန်ကရစ်တံတားများအဖြစ်လည်းကောင်း တည် ဆောက်သွားမှာဖြစ်ပါတယ်။ ထိုသို့လမ်းများကို ဦးစားပေးအဆင့်အလိုက် မြှင့်တင်ဆောင်ရွက်တဲ့ လုပ်ငန်းများ ဆောင်ရွက်တဲ့အခါမှာ လမ်းနယ်နိမိတ်များကို သတ်မှတ်ထားရှိမှုများကတော့ အမြန်

လမ်းမကြီးကို ၄၀၀ ပေ၊ နိုင်ငံတကာဆက်သွယ်ရေးလမ်းမကြီးကို ၂၃၀ ပေ၊ ပြည်ထောင်စုလမ်းမကြီးကို ၁၅၀ ပေ၊ တိုင်းဒေသကြီး/ပြည်နယ်နှင့် ခရိုင်/မြို့နယ်ချင်းဆက်လမ်းများကို ၁၅၀ ပေနဲ့ မြို့နယ်/ကျေးရွာချင်းဆက်လမ်းများကို ၁၀၀ ပေ တို့ဖြစ်ပါတယ်။ လမ်းနယ်နိမိတ်နဲ့ ပတ်သက်ပြီး ဖော်ပြပါအတိုင်း သတ်မှတ်ထားသော်လည်း မြို့တွင်းလမ်းများအတွက် လမ်းနယ်နိမိတ်ကို ၂၄-၇-၂၀၁၄ နေ့မှာ ပြဋ္ဌာန်းပြီးဖြစ်တဲ့ လမ်းမကြီးများ ဥပဒေပုဒ်မ ၁၀ ပုဒ်မခွဲ(က) မှာ ဖော်ပြထားတဲ့အတိုင်း ဆောက်လုပ်ရေးဝန်ကြီးဌာနသည် မြို့ရွာများကို ဖြတ်သန်းဖောက်လုပ်သည့် သို့မဟုတ် ပြုပြင်မွမ်းမံသည့်လမ်းမကြီးများရဲ့ နယ်နိမိတ်ကို သတ်မှတ်ရာမှာ မြို့တွင်း၊ ရွာတွင်းလူနေအိမ်အဆောက်အအုံများ၏ တည်ရှိမှုအခြေအနေ၊ တည်ဆောက်ပြီးစီးခဲ့သည့် အချိန်ကာလ၊ မြို့ပြဖွံ့ဖြိုးမှုအခြေအနေ၊ အခြား တည်ဆဲမြို့ပြဆိုင်ရာ ဥပဒေများ၏ အကျိုးသက်ရောက်မှုတို့ကိုပါ ထည့်သွင်းစဉ်းစား၍ သတ်မှတ်ရမည်လို့ ဖော်ပြထားတာဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်တဲ့လမ်းများကို လမ်းအင်္ဂါရပ်များ၊ နည်းပညာဆိုင်ရာစံညွှန်းသတ်မှတ်ချက်များ (Technical Specifications)အနေနဲ့ ဆောင်ရွက်ရမဲ့လမ်းနယ်နိမိတ်၊ လမ်းသား၊ အမာခံလမ်းပုခုံး၊ လမ်းဘေးရေမြောင်း၊ ကန့်လန့်ဖြတ်ရေမြောင်း၊ အကာအကွယ်တိုင်နဲ့ လမ်းသတိပေးဆိုင်းဘုတ်များကို လမ်းနယ်နိမိတ်အတွင်း သတ်မှတ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ မြို့တွင်း၊ ရွာတွင်းအပိုင်းများမှာ လမ်းမကြီးများ တိုးချဲ့ဖောက်လုပ်မည်ဆိုပါက လမ်းမကြီးများမတည်ဆောက်မီက ဆောက်လုပ်ထားတဲ့အဆောက်အဦများကို ဖယ်ရှားမည်မဟုတ်ပဲ လက်ရှိတည်ရှိနေသည့်အတိုင်းသာထားရှိမှာဖြစ်ပြီး သတ်မှတ်ထားတဲ့ လမ်းနယ်နိမိတ်အတွင်း ကျူးကျော်ဝင်ရောက်လာတဲ့ အိမ်ရာအဆောက်အဦများကိုလည်း လမ်းမကြီးများဥပဒေအရ အရေးယူဆောင်ရွက်သွားမှာဖြစ်ပါကြောင်း လေးစားစွာ ရှင်းလင်းဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။

**မြေလွတ်မကျန်သည့် ဆောက်လုပ်ရေးစီမံကိန်းများ၊ အရည်အသွေးမမီသော ဆောက်လုပ်မှုများ လတ်တလောဆိုင်းငံ့ထားရန်၊ ရေရှည်တည်တံ့သော မြို့ပြစီမံခန့်ခွဲမှုအတွက် ပညာရှင်များပါဝင်သည့် ကောင်စီတစ်ရပ်ဖွဲ့စည်းဆောင်ရွက်ရန်နှင့် မြေအသုံးချမှု အဆောက်အဦအမြင့် ကန့်သတ်သည့်ဇုန်ခွဲများမှ အစီအမံများ အတည်ပြုပြဌာန်းရန် အစီအစဉ် ရှိ/မရှိ တို့နှင့်စပ်လျဥ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ။** ။ ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်က မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)။** ။ လေးစားအပ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ စီးပွားရေးမြို့တော်အဖြစ် တည်ရှိနေတဲ့ ရန်ကုန်မြို့ကြီးဟာ ပြည်တွင်းခန့်မှန်းချက်အရ လူဦးရေ ခြောက်သန်းကျော်ပါတယ်။ နောက်ဆုံးထုတ်တဲ့ Economic စာစောင်ရဲ့ရေးသားချက်အရဆိုရင် ၇.၄ သန်းကျော်ထိ လူဦးရေးများပြားမှုဆိုလိုတာကတော့ လူဦးရေသိပ်သည်းဆ ဘယ်လောက်ထိများပြားသလဲဆိုရင် အချို့မြို့နယ်တွေမှာ တစ်ဟက်တာကို လူဦးရေ တစ်ထောင်ကျော်ရှိနေပါတယ်။ ဟောင်ကောင်လိုနေရာမျိုးတောင် တစ်ဟက်တာမှာ လူဦးရေ ၆၀၀ လောက်ပဲရှိတယ်ဆိုတာ စာရင်းဇယားအရ သိရပါတယ်။ အဲ့ဒီလိုနေရာမှာ အခုမြို့ပြအင်္ဂါရပ်နဲ့ မကိုက်ညီတဲ့အဆောက်အအုံများ ဆောက်လုပ်နေပါတယ်။ ကျွန်တော်တို့ ယဉ်ကျေးမှု ရှေးဟောင်းထိန်းသိမ်းရမည့် ရွှေတိဂုံစေတီတော်အပါအဝင် သမိုင်းဝင်အမွေအနှစ်များနေရာကို ထိခိုက်လာတဲ့ ဆောက်လုပ်ရေးစီမံကိန်းကလည်း အများအပြားဖြစ်နေပါတယ်။ အကျိုးဆက်ကတော့ အားလုံးသိပြီးတဲ့အတိုင်းပဲ ရန်ကုန်မြို့ကြီးဟာရေလျှံတယ်။ ကားရပ်ဖို့နေရာမရှိဘူး။ မီးလောင်လို့ရှိရင် ပြေးလမ်းမရှိတော့ဘူး။ အဲ့ဒီအပြင် ကျန်းမာရေးတွေထိခိုက်ပြီးတော့ လူနေမှုအဆင့်အတန်းတွေကို ထိပါးလာပါတယ်။ အဲ့ဒါကြောင့်မြန်မာနိုင်ငံ ဗိသုကာအသင်းရဲ့အထောက်အကူပေးချက်အရ အောက်ပါမေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုပါတယ်။ (က) လက်ရှိမြို့တော် ရန်ကုန်မြို့ပြလူနေမှုကို အန္တရာယ်ဖြစ်စေပြီး မြို့ပြသာယာရေး၊ ဖွံ့ဖြိုးရေးကို ခြိမ်းခြောက်လာမည့် ရန်ကုန်မြို့၏ အရေးကြီးနေရာမှာဌ် ဆောက်လုပ်နေသည့်စီမံကိန်းများ လူနေမှုအဆောက်အအုံများ ပြည့်ကြပ်နေပြီး မြေလွတ်မကျန်သည့်ဆောက်လုပ်ရေးစီမံကိန်းများ အရည်အသွေးမမီသော ဆောက်လုပ်မှုများ လတ်လလော ဆိုင်းငံ့ထားရန်အစီအစဉ်ရှိ/မရှိ။ (ခ) မြို့တော်ရန်ကုန်၏ ဖွံ့ဖြိုးတိုးတက်မှုစနစ်တကျဖြစ်စေပြီး ရေရှည်တည်တံ့သော မြို့ပြစီမံခန့်ခွဲမှုအတွက် ပညာရှင်များပါဝင်သည့် ကောင်စီတစ်ရပ်ဖွဲ့စည်းပြီး စီမံကိန်းများကိုအသေအချာ ပြန်လည်စိစစ်လျက် ထိန်းချုပ်ကွပ်ကဲခြင်းကို အမြန်

ဆောင်ရွက်ရန် အစီအစဉ်ရှိ/မရှိ။(ဂ) မြို့တော်ရန်ကုန်၏ ဖွံ့ဖြိုးရေးကို ရေရှည်တွင်စနစ်တကျ ထိန်းကျောင်းမည့် စည်းမျဉ်းများတိတိကျကျ ခိုင်ခိုင်မာမာရေးဆွဲပြဋ္ဌာန်းနိုင်ရန်နှင့် မြေအသုံးချမှု အဆောက်အအုံအမြင့် ကန့်သတ်သည့်စုံတွဲများမှ အစီအမံများ အတည်ပြုပြဋ္ဌာန်းရန် အစီအစဉ်ရှိ/မရှိကိုမေးမြန်းအပ်ပါ တယ်။ အားလုံးကိုကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအောင်သိမ်း (ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။ ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ နိုင်ငံတော်သမ္မတရုံးဝန်ကြီးဌာန(၄) မှ ဒုတိယဝန်ကြီး ဦးအောင်သိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့် မေးမြန်းတဲ့မေးခွန်းနှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ကိုယ်စား ပြန်လည်ရှင်းလင်းဖြေဆိုသွားမှာ ဖြစ်ပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဟာ ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်း ဆောက်လုပ်နေတဲ့ စီမံကိန်းများမှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ သတ်မှတ်ထားတဲ့ မြေချန်များနှင့် အဆောက်အအုံများနှင့် မြေဧရိယာဖုံးလွှမ်းမှုအချိုး (Building Coverage Ratio - BCR) ပေါ်မှာ မူတည်ပြီးတော့ ဆောက်လုပ်စေလျက်ရှိပြီးတော့ ပြည်သူများမှ ဆောက်လုပ်မည့် အဆောက်အအုံများကို စိစစ်ခွင့်ပြုခြင်း၊ ခွင့်ပြုချက်ဖြင့် ဆောက်လုပ်သည့် အဆောက်အအုံများကို ခွင့်ပြုပုံစံပါအတိုင်း စံချိန်စံညွှန်းအရည်အသွေးပြည့်မီစွာ ဆောက်လုပ်ရန် စစ်ဆေးကြပ်မတ်ခြင်းများကို ဆောင်ရွက်လျက်ရှိပါတယ်။ ယင်းသို့ ဆောင်ရွက်ရာမှာ ဆောက်လုပ်ခွင့် လျှောက်ထားလာတဲ့ အဆောက်အအုံရဲ့ စံချိန်စံညွှန်းအရည်အသွေးပြည့်မီခိုင်ခံ့မှုရှိစေရန်အတွက်ကို ရှစ်ထပ်ခွဲတိုက်အထိ အဆောက်အအုံတွေကို လိုင်စင်ရအဆောက်အအုံ အင်ဂျင်နီယာ (Structure Engineering Certificated) ရရှိသူများမှ တာဝန်ယူပြီးတော့ တွက်ချက်တင်ပြတဲ့ Structure Design နှင့် တာဝန်ခံကြီးကြပ်ဆောက်လုပ်မည့် လိုင်စင်ရအင်ဂျင်နီယာတို့ရဲ့ အဆိုပြုပုံစံများကို အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ စိစစ်ပြီးတော့ ခွင့်ပြုပေးလျက်ရှိပါတယ်။

ကိုးထပ်ကနေပြီးတော့ ၁၂ ထပ်ခွဲထိ အဆောက်အအုံများရဲ့ Structure Design များကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ကျွမ်းကျင်ပညာရှင်များနဲ့ ဖွဲ့စည်းထားတဲ့ အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်မှုဆိုင်ရာ စံချိန်စံညွှန်းများ စစ်ဆေးရေးနှင့် ကြီးကြပ်ရေးအဖွဲ့ (High Rise Building Inspection Committee) မှလည်းကောင်း၊ ၁၃ ထပ်နှင့် အထက်အဆောက်အအုံများ၏ Structure Design များကို မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းမှ ကျွမ်းကျင်ပညာရှင်များနဲ့ ဖွဲ့စည်းထားတဲ့ အထပ်မြင့်အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်များအဖွဲ့ (Committee of Quality Control for High Rose Building Project) မှလည်းကောင်း စိစစ်ပေးလျက်ရှိပါတယ်။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ခွင့်ပြုချက်ပေးထားတဲ့ အဆောက်အအုံများကို သက်ဆိုင်ရာ တာဝန်ယူကြီးကြပ်ဆောက်လုပ်သူ လိုင်စင်ရအင်ဂျင်နီယာများမှ အနီးကပ်ကြီးကြပ်၍လည်းကောင်း၊ အင်ဂျင်နီယာဌာန (အဆောက်အအုံ)မှ မြို့နယ်အလိုက် တာဝန်ပေးအပ်ထားတဲ့ စစ်ဆေးရေး အင်ဂျင်နီယာများမှ စစ်ဆေးကြပ်မတ်၍လည်းကောင်း ဆောင်ရွက်လျက်ရှိပါတယ်။ အထပ်မြင့် အဆောက်အအုံ တည်ဆောက်ရေးစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့မှ Structure Design များ စိစစ်ခွင့်ပြုပေးထားတဲ့ အဆောက်အအုံများနှင့်ပတ်သက်ပြီး ယင်းအဖွဲ့ရဲ့ ပညာရှင်များမှမြေပြင်သို့ အခါအားလျော်စွာ စစ်ဆေးပြီးတော့ ကြပ်မတ်ဆောင်ရွက်လျက်ရှိပါတယ်။

အထက်ဖော်ပြပါအတိုင်း ကွင်းဆင်းစစ်ဆေးမှုများကြောင့် တွေ့ရှိရတဲ့ အဆောက်အအုံ အရည်အသွေးမပြည့်ဝမှုများနှင့် ပတ်သက်၍ ဆောက်လုပ်ဆဲလုပ်ငန်းများကို ရပ်ဆိုင်းထားစေပြီးတော့ အရည်အသွေးမပြည့်မီတဲ့ အဆောက်အအုံ အစိတ်အပိုင်းများကို ပြန်လည်ပြင်ဆင်စေခြင်း၊ ဖြိုဖျက်၍ ပြန်လည်ဆောက်လုပ်စေခြင်းနှင့် အရည်အသွေးမပြည့်မီသော်လည်း ပြန်လည်အားဖြည့်ခြင်းဖြင့် ခိုင်ခံ့မှုအရည်အသွေးပြည့်မီလာပါက ပြန်လည်အားဖြည့်စေခြင်းတို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ဆောင်ရွက်စေလျက်ရှိပါတယ်။ ၎င်းအပြင် ပထမအဆင့်အနေနဲ့ အထပ်မြင့်အဆောက်အဦများ ဆောက်လုပ်မှုနှင့် ပတ်သက်ပြီး အရည်အသွေးပြည့်ဝမှုအား ပိုမိုစစ်ဆေးနိုင်ရေးအတွက်ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီ၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊ အထပ်အမြင့်အဆောက်အအုံများစီမံကိန်းများ ကြီးကြပ်စစ်ဆေးရေးပညာရှင်အဖွဲ့တို့နှင့် ညှိနှိုင်းပြီးတော့ အဆောက်အအုံ Structure Design များ စိစစ်တဲ့ Accredited Checker (AC) များကိုစိစစ်ပြီးတော့ လိုင်စင်ထုတ်ပေးလျက်ရှိတဲ့အခါမှာ လက်ရှိ

အချိန်မှာ Accredited Checker (AC) ၁၆ ဦးကို လိုင်စင်ထုတ်ပေးပြီး ဖြစ်ပါတယ်။ အများပြည်သူ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးအတွက် သတင်းစာများမှာလည်း ထည့်သွင်းကြော်ငြာ ပြီးဖြစ်ပါတယ်။ ဒုတိယအဆင့်အနေနဲ့ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အထက်ဖော်ပြပါ အဖွဲ့များနှင့် ညှိနှိုင်းပြီးတော့ မြေပြင်မှာရှိတဲ့ဆောက်လုပ်ဆဲ အဆောက်အအုံများရဲ့ ခိုင်ခံ့မှုနှင့် စံချိန်စံညွှန်းကို စစ်ဆေးမယ့် စစ်ဆေးရေးအဖွဲ့ Inspection Team လိုင်စင်ထုတ်ပေးရေးကိုလည်း ဆက်လက်စီစဉ် ဆောင်ရွက်လျက်ရှိပါတယ်။ မြို့တော်ရန်ကုန်ရဲ့ ဖွံ့ဖြိုးတိုးတက်မှု စနစ်တကျဖြစ်စေပြီး ရေရှည်တည်တံ့ တဲ့ မြို့ပြစီမံခန့်ခွဲမှု ဖြစ်စေရန်အတွက်ကို ၁၅-၁၂-၂၀၁၁ ရက်နေ့ကစပြီးတော့ ၁၆-၁၂-၂၀၁၁ ရက်နေ့ တို့မှာ Micasa Hotel မှာကျင်းပတဲ့ Yangon Concept Plan Vision 2040 အလုပ်ရုံဆွေးနွေးပွဲမှ အစပြုပြီးတော့ ရန်ကုန်မြို့တော် မြေအသုံးချမှု၊ ဇုန်ခွဲခြားသတ်မှတ်မှုနှင့် မြို့ပြဖွံ့ဖြိုးရေးဆိုင်ရာ အဆိုပြုပုံစံများ စိစစ်အကြံပြုခြင်းလုပ်ငန်းကော်မတီ ဖွဲ့စည်းရန်စီစဉ်ခဲ့ပြီးတော့ ၂၉-၅-၂၀၁၃ ရက်နေ့ ရက်စွဲပါရုံးတွင်းအမိန့်အမှတ် (၄၁/၂၀၁၃) ဖြင့် အထက်ပါကော်မတီအား ဖွဲ့စည်းခဲ့ပါတယ်။

ဎင်းကော်မတီမှ ၁၉-၆-၂၀၁၃၊ ၃-၁၂-၂၀၁၃၊ ၃၁-၃-၂၀၁၄ ရက်နေ့တို့မှာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ခန်းမမှာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ဗိသုကာအသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ ဆောက်လုပ်ရေးလုပ်ငန်းရှင်များ အသင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ ကိုယ်စားလှယ်များပါဝင်တဲ့ အလုပ်ရုံဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပြီးတော့ စိမ်းလန်းမြေဧရိယာ သတ်မှတ်ခြင်း၊ မိသားစုလုံးချင်း အဆောက်အဦဆောက်လုပ်မယ့် ဧရိယာသတ်မှတ်ခြင်း၊ ရေရှည်မှာ စနစ်တကျထိန်းချုပ်နိုင်မယ့် စည်းမျဉ်းစည်းကမ်းများရေးဆွဲနိုင်ရေးအတွက်ကို မြို့နယ်အလိုက်မြေ အသုံးချခွင့်နှင့် သတ်မှတ်သည့် Floor Area Ratio (FAR)နှင့် Building Coverage Ratio (BCR)၊ အမြင့်ကန့်သတ်ဇုန်များကို သတ်မှတ်နိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းလျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အရည်အသွေးမမီတဲ့ ဆောက်လုပ် မှုများ စစ်ဆေးတွေ့ရှိပါက လုပ်ငန်းရပ်ဆိုင်းစေပြီး ဖြိုဖျက်၍ ပြင်ဆင်စေခြင်း၊ အားဖြည့်စေခြင်းများ အား လိုအပ်သလိုဆောင်ရွက်စေလျက်ရှိကြောင်းနှင့် ရန်ကုန်မြို့တော်မြေအသုံးချမှု ဇုန်ခွဲခြားသတ်မှတ် မှုနှင့် အဆောက်အဦအမြင့် ကန့်သတ်တဲ့ အစီအမံများကို အတည်ပြုပြဋ္ဌာန်းရန် စီစဉ်ဆောင်ရွက်လျက် ရှိကြောင်း ပြန်လည်ဖြေကြားအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မူကြမ်း**

**ဦးသိန်းညွန့်(သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန)**။    ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါ။ ဒုတိယဝန်ကြီးရှင်းလင်းတင်ပြတဲ့ အချက်အလက်များနှင့်ပတ်သက်ပြီးတော့ တစ်စုံတစ်ရာစီစဉ်လာတာသိတဲ့အတွက် ကြိုဆိုပါတယ်။ ဒါပေမယ့် ဒီနေ့ရန်ကုန်မြို့ရဲ့ အဆောက်အအုံကြီး၊ ငယ်တွေကို ဆောက်လုပ်ခွင့်ပြုတဲ့ လက်ရှိနည်းဥပဒေဟာ ခေတ်မမီတော့ဘူး။ ရန်ကုန်မြို့ကြီးကိုအန္တရာယ်ရှိပြီးတော့ ကယ်တင်ဖို့အတွက် သက်ဆိုင်သူ၊ တာဝန်သိသူ၊ မြို့တော်ကိုချစ်သူတွေကတော့ မြန်မာနိုင်ငံ ဗိသုကာအသင်းနဲ့အတူ ရန်ကုန်မြို့တော်ကိုကယ်တင်ဖို့ ကြိုးပမ်းနေကြပါပြီ။ အဲ့ဒီတော့ အဓိကကတော့၊ ပြဿနာရဲ့အချုပ်ကတော့ ရန်ကုန်မြို့ရဲ့လက်ရှိနည်းဥပဒေတွေဟာ အခုမြို့ပြအဆောက်အအုံနဲ့ မြို့ပြလူနေမှုဝန်းကျင်အရ မကိုက်ညီတော့ပါဘူး။ ဒါကြောင့် ပြည်ထောင်စုအစိုးရကရော ရန်ကုန်တိုင်းအစိုးရကပါ လက်ရှိအခြေအနေနဲ့ကိုက်ညီပြီး ရန်ကုန်မြို့ကြီးကို ကယ်တင်နိုင်ဖို့ နည်းဥပဒေများကို အမြန်ဆုံးပြင်ဆင်ဖို့နဲ့ မြို့ပြစီမံကိန်းထိန်းချုပ်မှုအစီအစဉ်များကို ပညာရှင်များပါဝင်တဲ့ ကောင်စီနှင့်အတူ ဘယ်အချိန်မှာ အကောင်အထည်ဖော်နိုင်မလဲဆိုတာကို ရှင်းလင်းပေးပါလို့ ဒုတိယဝန်ကြီးအား မေတ္တာရပ်ခံအပ်ပါတယ်။

**ဦးအောင်သိမ်း(ဒုတိယဝန်ကြီး၊ သမ္မတရုံးဝန်ကြီးဌာန-၄)**။    ။ လွှတ်တော်ကိုယ်စားလှယ်ကြီး မေးမြန်းတဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကို ပြန်လည်တင်ပြပြီးတော့ နောက်တစ်ချိန်မှာ ပြန်ပြီးတော့ ဖြေမယ်ဆိုတဲ့အကြောင်း ပြောကြားအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။    ။ မေးခွန်းတွေက ပြည်ထောင်စုအစိုးရကတစ်ဆင့်ဖြေကြားပေးဖို့ သက်ဆိုင်ရာဝန်ကြီးဌာနများကိုကြိုပေးတဲ့အတွက် ပြင်ဆင်မှုများဖြစ်လာတယ်ဆိုတာကို အားလုံးတွေ့ရမှာ ဖြစ်ပါတယ်။ မေးခွန်းများ မေးတိုင်း၊ မေးတိုင်းဟာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကတစ်ဆင့်မေးသလို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကလည်း ဒီအမေးတွေကိုဖြေနိုင်ဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနများကို ကြိုတင်ပြီးတော့ မေးခွန်းတွေရဲ့မေးမြန်းချက်ကို ကြိုပို့ထားတာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ မေးတဲ့နေရာ မှာ ဒီမေးခွန်းတွေကိုဖြေရမယ့်လူတွေအားလုံးသိပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အချိန်အားဖြင့်တော့ ကျွန်တော်တို့သတ်မှတ်ထားတဲ့ (၃)မိနစ်အတွင်း ဖြေကြားပေးဖို့ သက်ဆိုင်ရာကော်မတီတွေက တင်ပြသလို၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ ပြန်လည်ဖြေကြားတဲ့အခါမှာ (၃)မိနစ်နဲ့ မလောက်ငှနိုင်တဲ့ ဖြေကြားမှုမျိုးဆိုလို့ရှိရင် ကျွန်တော်တို့ စည်းကမ်းချက်က သတ်မှတ်ထားသော်လည်း ပေးနေရခြင်း ဖြစ်ပါတယ်။

**မူကြမ်း**

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီး ယနေ့အတွက် မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်း အစီအစဉ် ပြီးဆုံးပါပြီ။

**ဦးကင်းစိန်၊ သရက်ချောင်းမဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားငါးဖမ်းလုပ်ငန်းရှင်များအား ငါးဖမ်းကွက်များသတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီငါးဖမ်းကွက် (၄)ကွက်တွင် ကမ်းဝေးငါးဖမ်းယာဉ်များကို စက်တင်ဘာလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ငါးဖမ်းရာသီအဖြစ် (၉)လ ဖမ်းဆီးခွင့်ပြုထားပြီး ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ငါးမဖမ်းရရာသီအဖြစ် စဉ်ဆက်မပြတ် သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ်ရယူခြင်း**

ဥက္ကဋ္ဌ။ ။ ဆက်လက်ပြီးတော့ အစီအစဉ် ၆ ကို ဆောင်ရွက်မှာဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သရက်ချောင်းမဲဆန္ဒနယ်မှ ဦးကင်းစိန်က အဆိုတစ်ရပ်တင်သွင်းထားပါတယ်။ အဆိုတင်သွင်းဖို့အတွက် ဦးကင်းစိန်အား ဖိတ်ခေါ်ပါတယ်။

**ဦးကင်းစိန်(သရက်ချောင်းမဲဆန္ဒနယ်)။** ။ ရိုသေလေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဧည့်သည်တော်များ၊ လွှတ်တော်အတွင်း လေ့လာသူများအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေကြောင်း ဦးစွာဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်ဖြစ်ပါတယ်။ ကျွန်တော်ဟာ ပင်လယ်ကမ်းဝေးငါးဖမ်းလုပ်ငန်းကို လက်တွေ့လုပ်ကိုင်နေသူတစ်ဦးဖြစ်ပြီးတော့ ပြည်သူ့လွှတ်တော်မှာဖွဲ့စည်းထားတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဝင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံရဲ့ကြွယ်ဝလှတဲ့ ရေသယံဇာတများ၊ မြန်မာ့ပင်လယ်ပြင်ရဲ့ တန်ဖိုးရှိလှတဲ့အမွေအနှစ်များဟာ စိုးရိမ်ဖွယ်ရာ ဆုတ်ယုတ်လျော့နည်းကျဆင်းလာပြီး တစ်နှစ်ထက်တစ်နှစ် ရေငန်ငါးထုတ်လုပ်မှု၊ ပြည်ပတင်ပို့မှု(Export) အခြေအနေတွေဟာလည်းပဲ လျော့နည်းကျဆင်းလာတဲ့အတွက် ယခုအဆိုကို ပြည်သူ့လွှတ်တော်မှ တစ်ဆင့် တင်သွင်းရခြင်းဖြစ်ပါတယ်။ ကျွန်တော် ယခုတင်သွင်းမယ့်အဆိုကတော့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားငါးဖမ်းလုပ်ငန်းရှင်များအား ငါးဖမ်းကွက်များသတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီ ငါးဖမ်းကွက်လေးကွက်တွင် ကမ်းဝေးငါးဖမ်း

ရေယာဉ်များကို စက်တင်ဘာလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ငါးဖမ်းရာသီအဖြစ် (၉)လ ဖမ်းဆီးခွင့်ပြုပါတယ်။ ဇွန်လ ၁ ရက်နေ့ကနေပြီးတော့ ဩဂုတ်လ ၃၁ ရက်နေ့အထိ ငါးမဖမ်းရ ရာသီအဖြစ် စဉ်ဆက်မပြတ်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုကို တင်သွင်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ ကမ်းရိုးတန်းဟာ ၁၃၅၈ မိုင်ရှည်လျားပါတယ်။ မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားပိုင်မှ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများကို သတ်မှတ်ထားသော လောင်ဂျီတွဒ်၊ လတ္တီတွဒ်ဖြင့် ရခိုင်ငါးဖမ်းကွက်၊ ဧရာဝတီငါးဖမ်းကွက်၊ မွန်ငါးဖမ်းကွက်၊ တနင်္သာရီငါးဖမ်းကွက်များတွင် ပင်လယ်ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများကို ငါးဖမ်းဆီးခွင့်လိုင်စင်များ ထုတ်ပေးပြီးတော့ ငါးဖမ်းခွင့်ပြုထားပါတယ်။ ၂၀၁၀ ခုနှစ်၊ အရှေ့ပိုင်းနှစ်များတွင် မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ကမ်းဝေးငါးဖမ်းလှေများကို ငါးဖမ်းရာသီအဖြစ် စက်တင်ဘာလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ (၉) လသတ်မှတ်ထားပြီးတော့ ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ (၃)လကို ငါးဖမ်းဆီးခွင့်မပြုတဲ့ ငါးဖမ်းကွက်လေးကွက်စလုံးကို ပိတ်ထားလိုက်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာ့ရေပိုင်နက်အတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလှေများအနက် ကမ်းဝေးငါးဖမ်းလှေများကို ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ငါးဖမ်းကွက်လေးကွက်အနက် ရခိုင်ငါးဖမ်းကွက်၊ ဧရာဝတီငါးဖမ်းကွက်၊ မွန်ငါးဖမ်းကွက်များကို ဇွန်၊ ဇူလိုင်၊ ဩဂုတ်လများတွင် ငါးဖမ်းဆီးခွင့်ပြု၍ တနင်္သာရီတိုင်းဒေသကြီးရှိ ပင်လယ်ကမ်းဝေးလုပ်ငန်းရှင်များနှင့် တိုင်းလုပ်ငန်း၊ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့၏ ညှိနှိုင်းချက်အရ တနင်္သာရီငါးဖမ်းကွက်ကို ပိတ်ထားပြီး ငါးဖမ်းဆီးခွင့်မပြုဘဲ တနင်္သာရီငါးဖမ်းကွက်မှလွဲ၍ ကျန်ငါးဖမ်းကွက်သုံးကွက်အတွင်း ငါးဖမ်းခွင့်ပြုပြီးတော့ တနင်္သာရီငါးဖမ်းကွက်မှ ကမ်းဝေးငါးဖမ်းလှေများကို အခြားငါးဖမ်းကွက်တွင် သွားရောက်ဖမ်းဆီးခွင့် ပေးခဲ့ပါတယ်။ ၂၀၁၂-၂၀၁၃ ခုနှစ်တွင် ငါးဖမ်းရာသီ ဇွန်လ ၁ ရက်နေ့မှ ဇူလိုင်လ ၁၅ ရက်နေ့အထိ ကမ်းဝေးငါးဖမ်းရေယာဉ်စီးရေ၏ ၇၅ ရာခိုင်နှုန်းကို ဖမ်းဆီးခွင့်ပြုပြီးတော့ ကျန် ၂၅ ရာခိုင်နှုန်းကို ဖမ်းဆီးခွင့်မပြုဘဲ ပြင်ဆင်စေခဲ့ပါတယ်။ ၂၀၁၃-၂၀၁၄ ခုနှစ်တွင် ငါးဖမ်းရာသီ ဧပြီလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ကမ်းဝေးငါးဖမ်းရေယာဉ်စီးရေများ၏ ၆၅ ရာခိုင်နှုန်းကို ဖမ်းဆီးခွင့်ပြုပြီးတော့ ကျန် ၃၅ ရာခိုင်နှုန်းကို ဖမ်းဆီးခွင့်မပြုဘဲ သက်ဆိုင်ရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနမှ ညွှန်ကြားချက်ဖြင့် ဆောင်ရွက်လုပ်ကိုင်ခွင့်ပြုခဲ့ပါတယ်။

**မူကြမ်း**

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာ့ပင်လယ်ရေပိုင်နက်အတွင်း ငါးဖမ်းလှေများကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်း ဦးစီးဌာနမှ အထက်ပါညွှန်ကြားချက်များအတိုင်း လုပ်ကိုင်ဆောင်ရွက်မှုကြောင့် ယခုနှစ်တွင် ငါးအထိအမိနည်း လာခြင်း၊ ငါးကြီးငါးကွင်းများ မထိမိတော့ခြင်း၊ ငါးအကောင်သေးများသာလျှင်ကျန်ရှိ၍ ငါးမျိုးများ တဖြည်းဖြည်းပြုန်းတီးလာပြီး ယခုအတိုင်းဆက်လက်လုပ်ကိုင်နေပါက ငါးသယံဇာတဂေဟစနစ်များ ပျက်စီး၍ နိုင်ငံတော်၏ ရေသဘာဝသယံဇာတအရင်းအမြစ်များ ပြုန်းတီးမှုကိုဖြစ်ပေါ်စေနိုင်၍၊ လူသားများစားသုံးနိုင်ရန် ခက်ခဲမှုဖြစ်ပေါ်လာနိုင်ခြင်း၊ နိုင်ငံတော်က နိုင်ငံခြားဝင်ငွေရရှိမှုလျော့နည်း လာပြီး တိုင်းရင်းသားပိုင်ကမ်းဝေးငါးဖမ်းရေယာဉ်များ စဉ်ဆက်မပြတ် ရေယာဉ်ငါးဖမ်းမှုလုပ်ငန်းများ လျော့နည်းပျက်ပြားသည်အထိ အပြစ်များဖြစ်ပေါ်လာနိုင်ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အထက်ပါအကြောင်းအရာများနှင့်ပတ်သက်၍ ကျွန်တော်တို့နိုင်ငံ၏ ရေသယံဇာတများ မပြုန်းတီးရေး၊ အနာဂတ်လူသားများ စဉ်ဆက်မပြတ်စားသုံးနိုင်ရေးနှင့် နိုင်ငံခြား ဝင်ငွေကျဆင်းမှုမရှိစေဘဲ ပုံမှန်ရရှိရေးတို့အတွက် ငါးဖမ်းခွင့်မပြုသောလအဖြစ် ငါးလုပ်ငန်းဦးစီးဌာန မှ ထုတ်ပြန်ထားသော အမိန့်ညွှန်ကြားချက်အတိုင်း ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ကမ်းဝေးငါးဖမ်းလှေများကို ငါးဖမ်းဆီးခွင့်မပြုရန် ပြည်ထောင်စုအစိုးရအား လွှတ်တော်ဥက္ကဋ္ဌကြီးမှ တစ်ဆင့် လေးလေးနက်နက် တိုက်တွန်းပါကြောင်းအဆိုကို တင်သွင်းအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ။** ။ အဆိုကိုထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါ တယ်။

**ဦးအောင်လင်းလှိုင်(ဘုတ်ပြင်းမဲဆန္ဒနယ်)။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တနင်္သာရီတိုင်းဒေသကြီး၊ ဘုတ်ပြင်းမဲဆန္ဒနယ်မှ ပြည်သူ့ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လင်းလှိုင်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သရက်ချောင်းမဲဆန္ဒနယ် မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်ရဲ့အဆိုကို ထောက်ခံသွားမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော်တို့နိုင်ငံတော်မှာ ငါးဖမ်းလုပ်ငန်းနဲ့ပတ်သက်ပြီးတော့ ဘယ်ရာသီမှာငါးဖမ်းရမယ်။ ဘယ်ရာသီမှာငါးမဖမ်းရဘူးဆိုတဲ့ ကြော်ငြာချက်၊ ကြော်ငြာစာတွေ၊ ကြေညာစာတွေ၊ သတိပေးစာတမ်း တွေက အမျိုးမျိုးပေးနေသော်ငြားလည်းပဲ ကျွန်တော်တို့ နိုင်ငံအနှံ့အပြားမှာ ဒီငါးဖမ်းလုပ်ငန်းနဲ့ ပတ်သက်ပြီးတော့ လိုက်နာဆောင်ရွက်မှုမရှိဘဲနဲ့ အမျိုးမျိုးသောဥပဒေကို ချိုးဖောက်နေတာတွေကို

တွေ့ရပါတယ်။ လိုက်နာမှုမရှိတာလည်း တွေ့ရပါတယ်။ ဒီလိုလိုက်နာမှုမရှိတာဟာလည်းပဲ စီးပွားရေး လုပ်ငန်းတစ်ခုတင်မကဘူး။ ငါးသယံဇာတရှားပါးရုံတင်မကဘူး။ ကျွန်တော်တို့သွားနေတဲ့ နိုင်ငံတော်ရဲ့ လျှောက်လှမ်းနေတဲ့ဒီမိုကရေစီနိုင်ငံကိုပါ အနှောင့်အယှက်ဖြစ်တယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်တော်တို့ ဌာနတစ်ခုချင်း၊ လုပ်ငန်းတစ်ခုချင်း၊ လူတစ်ဦးချင်းရဲ့စည်းကမ်းရှိမှု၊ စည်းကမ်းလိုက်နာမှုဟာ ကျွန်တော်တို့သွားနေတဲ့ နိုင်ငံတော်ရဲ့ဒီမိုကရေစီလမ်းကြောင်းဟာ အနှောင့်အယှက်ဖြစ်ပါတယ်။ အဲ့ဒီအပြင်လည်း ဒီတစ်ဦးချင်းလိုက်နာမှုရှိမှ၊ စည်းကမ်းလိုက်နာမှုရှိမှ နိုင်ငံတော်ကိုလည်းပဲ သယံဇာတတင်မဟုတ်ဘဲနဲ့ နိုင်ငံတော်ရဲ့နိုင်ငံရေးလောကကိုပါ အထောက်အကူပြုတယ်ဆိုတာကို ဒါ သက်သေသာဓကအနေနဲ့ဖြစ်ပါတယ်။ ဒီငါးလုပ်ငန်းမှာလည်းပဲ အကယ်၍သာ ဒီလိုမျိုး ဆက်ပြီးတော့ ဥပဒေကိုမလိုက်နာဘဲဖမ်းနေကြမယ်ဆိုရင် တစ်ချိန်တုန်းက ကျွန်တော်တို့ ဆိုရိုးစကား ရှိတဲ့ အရုပ်ရေးပြမှငါးမှန်းသိတယ်ဆိုတဲ့ခေတ်ကို ရောက်လာမှာအမှန်ပဲဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့နိုင်ငံအနေနဲ့ ဒီငါးလုပ်ငန်းဟာလည်းပဲ နိုင်ငံတော်ရဲ့စီးပွားရေးလုပ်ငန်း အကြီးစားကြီး တစ်ခုဖြစ်တဲ့အတွက်ကြောင့် ကျွန်တော်တို့ တနင်္သာရီတိုင်းဒေသကြီး၊ သရက်ချောင်းမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကင်းစိန်တင်တဲ့အဆိုကို ကျွန်တော်အနေနဲ့ လှိုက်လှိုက်လှဲလှဲ ထောက်ခံကြောင်း ပြောကြားလိုပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အဆိုနဲ့စပ်လျဉ်းပြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာနက ရှင်းလင်းဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်အေး(ဒုတိယဝန်ကြီး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျာ။ ကျွန်တော်တို့ သရက်ချောင်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကင်းစိန်ရဲ့အဆိုနဲ့ပတ်သက်ပြီး ထောက်ခံဆွေးနွေးသွားတဲ့ လွှတ်တော်ကိုယ်စားလှယ်ကြီးကိုရော ကျွန်တော့်အနေနဲ့ အထူးပဲကျေးဇူးတင်ရှိပါကြောင်း ဦးစွာပဏာမ တင်ပြလိုပါတယ်။ တကယ်လို့များ ဒီကိစ္စဟာ အင်မတန်မှအရေးကြီးတဲ့ကိစ္စရပ်တစ်ခုဖြစ်တဲ့အတွက်၊ ကျွန်တော်တို့ တစ်နိုင်ငံလုံးအတွက် Food Security နဲ့ပတ်သက်ပြီးတော့မှ အင်မတန်အရေးကြီးတဲ့ကိစ္စဖြစ်တဲ့ အတွက် ကျွန်တော်ဆွေးနွေးတဲ့အချိန် မလုံလောက်လို့ရှိရင် ခွင့်ပြုပေးဖို့ ဦးစွာတင်ပြလိုပါတယ်။ ကျွန်တော်တို့ နိုင်ငံတကာမှာ ဒီနေ့အထိ UN ရဲ့ သတ်မှတ်ထားတာ Blue Growth Strategy

ဆိုတာရှိပါတယ်။ ဒါကတော့ ကျွန်တော်တို့ ပင်လယ်ပြင်ရဲ့ ငါးသယံဇာတထိန်းသိမ်းဖို့နဲ့ စဉ်ဆက်မပြတ်ထုတ်လုပ်ဖို့ဟာ ကျွန်တော်တို့ ရည်မှန်းပြီးတော့မှချမှတ်ထားတဲ့ နိုင်ငံတကာကလိုက်နာရမယ့် မဟာဗျူဟာရည်မှန်းချက် ဖြစ်ပါတယ်။ အဲဒီမှာမှ ယခုလက်ရှိကျွန်တော်တို့ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနအနေနဲ့ ဒီပြောင်းလဲလာတဲ့စနစ်တွေနဲ့ အညီ ဒီနေ့ကျွန်တော်တို့ရဲ့ Policy ချမှတ်လိုက်တဲ့အခါမှာ အရင်လို ကျွန်တော်တို့ Responsible Fisheries မဟုတ်တော့ဘဲနဲ့ Sustainable Environmental Approach Fisheries and Fisheries Management ဆိုပြီးတော့မှ ဒါကိုပြောင်းလဲပြီးသတ်မှတ်ထားတာရှိပါတယ်။ ဒီအဆိုဟာ လက်ရှိ နိုင်ငံတကာရဲ့သတ်မှတ်ထားတဲ့ ကျွန်တော်တို့ရဲ့ Strategy တွေနဲ့ Inline ဖြစ်တဲ့အဆိုဖြစ်တဲ့အတွက် ခုနက ဦးကင်းစိန်နဲ့ တနင်္သာရီတိုင်းဒေသကြီးက ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးတွေရဲ့ တင်ပြချက်ကို အလေးထားပြီး ဆက်လက်ဆွေးနွေးမှာဖြစ်ပါတယ်။

ကျွန်တော်တို့ ဒီငါးလုပ်ငန်းဦးစီးဌာနမှာလည်းပဲ ဥပဒေပြဋ္ဌာန်းထားပြီးသားရှိပါတယ်။ ငါးလုပ်ငန်းဥပဒေပုဒ်မ ၂၃ မှာလည်း ပြဋ္ဌာန်းထားတဲ့အတွက် ဒီငါးလုပ်ငန်းတွေကို စနစ်တကျလုပ်ကိုင်နိုင်ဖို့ ငါးမျိုးပြုန်းတီးမှုကို ကာကွယ်နိုင်ဖို့ရည်ရွယ်ပြီးတော့မှ Closed Season, Closed Area တွေကို ကျွန်တော်တို့သတ်မှတ်နိုင်တဲ့အနေအထားရှိပါတယ်။ နှစ်စဉ်လည်း ကျွန်တော်တို့သတ်မှတ်ခဲ့ပါတယ်။ ၁၉၉၃ ခုနှစ်ကနေစပြီးတော့မှ ကျွန်တော်တို့ဒီ ၂၀၁၀-၂၀၁၁ ခုနှစ်အထိ ငါးပုစွန်ပေါက်ပွားတဲ့နေရာတွေကိုရွေးချယ်ပြီး ငါးမဖမ်းရဇရိယာသတ်မှတ်တာတွေ၊ နောက်တစ်ခါ ကျွန်တော်တို့ ဒီငါးမျိုးစိတ်အလိုက် Species အပေါ် မူတည်ပြီးတော့မှ သူတို့ရဲ့ပေါက်ပွားတဲ့အချိန်ကာလကို မူတည်ပြီး သတ်မှတ်တာတွေ၊ နောက်တစ်ခါ ငါးဖမ်းကွက်တွေကို မူတည်ပြီးတော့မှသတ်မှတ်တာတွေ ကျွန်တော်တို့ ခုနက ကိုယ်စားလှယ်တော်ကြီးဆွေးနွေးသွားတဲ့အတိုင်း ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၁၁-၂၀၁၂ ခုနှစ်ကနေစပြီးတော့မှ ကျွန်တော်တို့ ဒီအင်္ဂလန်ကျားပိုက်ရယ်၊ နောက်ပြီးတော့ ဘုံကျောင်းတွေရယ် ဒါတွေကိုလည်း သူ့အချိန်နဲ့သူ့ကာလနဲ့ရွေးချယ်ပြီး ကျွန်တော်တို့ သတ်မှတ်ခဲ့တာရှိပါတယ်။ အလားတူပဲ ကမ်းဝေးငါးဖမ်းရေယာဉ်တွေကိုလည်း ဇွန်လ ၁ ရက်နေ့ကနေ ဇူလိုင် ၁၅ ရက်နေ့အထိ ငါးဖမ်းကွက်အားလုံးကို ကျွန်တော်တို့ ပိတ်ပင်ပြီး သတ်မှတ်ခဲ့တာရှိပါတယ်။ သို့သော်လည်းပဲ အားလုံးဖြစ်တဲ့ Stakeholder တွေအားလုံးနဲ့ ဆွေးနွေးလိုက်တဲ့အခါမှာ ရေလုပ်ငန်းနဲ့ပတ်သက်ပြီးတော့မှ ဆက်နွယ်နေတဲ့လုပ်ငန်းရှင်တွေ၊ နောက်တစ်ခါ ကျွန်တော်တို့ရဲ့ ကျွမ်းကျင်ပညာရှင်တွေ၊ နောက် ငါးလုပ်ငန်းဦးစီးဌာနနဲ့ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်မှပုဂ္ဂိုလ်တွေ၊ နောက် တနင်္သာရီ၊ ရန်ကုန်၊

ဧရာဝတီ၊ မွန်၊ ရခိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်က တာဝန်ရှိတဲ့လူတွေ အလွှာစုံနဲ့ ကျွန်တော်တို့ ဆွေးနွေးကြတဲ့အခါမှာ ဒီငါးဖမ်းကွက်တွေအားလုံးကို သတ်မှတ်လို့ရှိရင် ကျွန်တော်တို့တစ်တွေမှာ ရင်ဆိုင်လာရမယ့်အခက်အခဲတွေကို ဝိုင်းပြီးတင်ပြကြပါတယ်။ အဲဒီ ဆွေးနွေးတဲ့အခါမှာလည်းပဲ တနင်္သာရီတိုင်းဒေသကြီးက ကိုယ်စားလှယ်တွေအနေနဲ့ကတော့ ဒီတနင်္သာရီတိုင်းဒေသကြီးမှာအခြေစိုက်တဲ့ ငါးဖမ်းလုပ်ငန်းရှင်များကတော့ ငါးမဖမ်းရရာသီကို တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ငါးဖမ်းကွက်အားလုံးကိုသတ်မှတ်ဖို့ သူတို့ကအဆိုပြုတင်ပြခဲ့ပါတယ်။ အဲဒီတင်ပြတဲ့အခါမှာ ကျန်တဲ့တိုင်းဒေသကြီးနဲ့ပြည်နယ်ရေလုပ်ငန်းရှင်တွေအနေနဲ့က တကယ်လို့သတ်မှတ်လိုက်မယ်ဆိုရင် ငါးမဖမ်းရရာသီအတွင်းမှာ ဒေသအတွင်းမှာ ငါးစားသုံးမှုလျော့နည်းလာနိုင်တယ်။ ရေထွက်ပစ္စည်းထုတ်လုပ်နိုင်မှုမရှိတဲ့အတွက် နိုင်ငံခြားဝင်ငွေနဲ့ အမျိုးသားအသားတင်ထုတ်လုပ်မှုတန်ဖိုး GDP တွေ ကျဆင်းလာနိုင်တယ်။ ငါးဈေးနှုန်းတွေ မြင့်တက်လာနိုင်တယ်။ ရန်ကုန်မြို့တွင်း ငါးဖမ်းရေယာဉ်တွေ အားလုံးဆိုက်ကပ်ဖို့ရာ နေရာခက်ခဲနိုင်တယ်။ ပြန်လည်ထွက်ခွာချိန်မှာဖြစ်တဲ့အတွက် တစ်ချိန်တည်း၊ တစ်ပြိုင်တည်းထွက်ခွာမှာဖြစ်တဲ့အတွက် ဆီနဲ့ရေခဲတွေရရှိနိုင်ဖို့ အခက်အခဲတွေဖြစ်ပေါ်နိုင်တယ်။

နောက် ရေလုပ်သားတွေ၊ ငါးပိငါးခြောက်လုပ်ငန်းနဲ့ အအေးခန်းစက်ရုံတွေမှာ ပါဝင်လုပ်ကိုင်နေတဲ့ လုပ်သားတွေအနေနဲ့ စားဝတ်နေရေးအခက်အခဲတွေ ကြုံတွေ့နိုင်တယ်ဆိုတဲ့ ဒီရေလုပ်ငန်းရှင်တွေက တင်ပြချက်တွေ၊ ဆွေးနွေးချက်တွေရှိလာတဲ့အတွက် ကျွန်တော်တို့အနေနဲ့ အားလုံးသဘောတူညှိနှိုင်းပြီးတော့မှ၂၀၁၂-၂၀၁၃ မှာဆိုရင် ငါးဖမ်းရေယာဉ်တွေရဲ့ ၇၅ ရာခိုင်နှုန်းကို Closed Season မှာ မထွက်ဖို့အမိန့်ထုတ်ပြီးတော့မှ ကျွန်တော်တို့အားလုံး သဘောတူပြီးသတ်မှတ်ခဲ့တာဖြစ်ပါတယ်။ အလားတူ ၂၀၁၃-၂၀၁၄ မှာကျတော့ တဖြည်းဖြည်းနဲ့ဒါကို မြှင့်တင်ပြီးတော့မှ ဆောင်ရွက်တဲ့အခါမှာ ငါးဖမ်းရေယာဉ်အားလုံးရဲ့ ၆၅ ရာခိုင်နှုန်းကို ကျွန်တော်တို့က ငါးမဖမ်းရအဖြစ်နဲ့သတ်မှတ်ခဲ့ပါတယ်။ ဒီနှစ်မှာလည်းပဲ မကြာခင်ကာလအတွင်းမှာ ရေလုပ်ငန်းနဲ့ပတ်သက်တဲ့ ပုဂ္ဂိုလ်တွေအားလုံးပါဝင်တဲ့ ဆွေးနွေးပွဲတစ်ခုကို ဒီလအတွင်းမှာ ဆောင်ရွက်ဖို့စီမံထားပြီးဖြစ်ပါတယ်။ ဒါပေမယ့်ကျွန်တော်တို့ ဝန်ကြီးဌာနရဲ့ လျာထားချက်အနေနဲ့ကတော့ ဒီနှစ်မှာတော့ ငါးဖမ်းရေယာဉ်အားလုံးရဲ့ ၅၀ ရာခိုင်နှုန်းကို ငါးမဖမ်းရရာသီကို ထွက်ပြီးငါးဖမ်းတာကို ပိတ်ပင်မှာ ဖြစ်ပါတယ်။ နောက်ပြီး လာမယ့်နှစ်မှာတော့ တဖြည်းဖြည်းနဲ့ ကျွန်တော်တို့အားလုံး Totally ကျွန်တော်တို့ဒါ Prohibited လုပ်တာဖြစ်ပါတယ်။ ဒါအားလုံးကို ထိန်းသိမ်းပြီးတော့မှ ငါးမဖမ်းရရာသီ(Closed Season)အနေနဲ့ သတ်မှတ်သွားဖို့ တဖြည်းဖြည်းချင်း လျာထားပြီးဖြစ်ပါတယ်။ ဒီထက်လည်း ခုနက ကျွန်တော်တို့နဲ့ပတ်သက်နေတဲ့၊ ရေ

လုပ်ငန်းနဲ့ပတ်သက်တဲ့အလွှာအသီးသီးကိုလည်း ကြိုပြီးတော့မှ ကျွန်တော်တို့ ကြေညာထားပြီးဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ရေလုပ်ငန်းနှင့်ပတ်သက်တဲ့ အခြေအနေမှန်ဟာ ခုနက ကိုယ်စားလှယ်တော်ကြီးအဆိုပြုတင်ပြသွားတဲ့အတိုင်းပဲ တကယ်အမှန်အတိုင်းဖြစ်ပါတယ်။ အဲ့ဒီအတွက်လည်း ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ဆောင်ရွက်နေတာကတော့ လက်ရှိပင်လယ်ပြင်မှာ ကမ်းဝေးငါးဖမ်းရေယာဉ်တွေအတွက် တိုးချဲ့ခွင့်မပေးတော့ပါဘူး။ တည်ဆောက်ခွင့်တွေလည်း မပေးတော့ပါဘူး။ နောက်တစ်ခါ ပင်လယ်ပြင်မှာရှိနေတဲ့ ကျွန်တော်တို့ရဲ့ ဒီနိုင်ငံခြားငါးဖမ်းရေယာဉ်တွေကိုလည်း အကုန်လုံးပိတ်ပင်လိုက်ပြီး ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ရဲ့ ဒီရေလုပ်ငန်းနဲ့ပတ်သက်ပြီးတော့မှ Marine Fisheries မှာ လက်ရှိ ကျွန်တော်တို့ဝန်ကြီးဌာနအနေနဲ့ကတော့ ခုနက ပင်လယ်ပြင်အထိအမိကို ကောင်းဖို့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီ Data နဲ့ပတ်သက်ပြီး အနည်းငယ် တင်ပြရရင် FAO နဲ့ ကျွန်တော်တို့ဆောင်ရွက်နေတဲ့ Norwegian Government ဒါကတော့ ကျွန်တော်တို့ လွှတ်တော်က ဥက္ကဋ္ဌကြီးတို့ရော၊ နောက် ကျွန်တော်တို့ရဲ့ နိုင်ငံတော်သမ္မတကြီးတို့ သွားတဲ့ခရီးစဉ်တွေရဲ့ နောက်ဆက်တွဲအဖြစ်နဲ့ နော်ဝေနိုင်ငံအစိုးရကနေပြီးတော့ ကျွန်တော်တို့ကို ရေလုပ်ငန်းသယံဇာတ တိုင်းတာဖို့ဆိုပြီးတော့မှ အကူအညီပေးခဲ့ပါတယ်။ အဲ့ဒါကတော့ Dr. Fridtjof Nansen ရဲ့ Research Vessel ကို ကျွန်တော်တို့ဆီကိုလွှတ်ပြီးတော့မှ ကျွန်တော်တို့ ပင်လယ်ပြင်ကိုတိုင်းတာပါတယ်။ တိုင်းတာတဲ့အခါမှာလည်း ယခင်တိုင်းတာခဲ့တဲ့ ၁၉၇၉-၁၉၈၀ ခုနှစ်နဲ့ နှိုင်းယှဉ်ကြည့်လိုက်မယ်ဆိုရင် လက်ရှိ ကျွန်တော်တို့ရဲ့ Bio Masses ဟာ ငါးထုထည်ပမာဏဟာ ၃၇.၃၃ ရာခိုင်နှုန်းပဲကျန်ခဲ့တယ်ဆိုတဲ့အဖြေကို ကျွန်တော်တို့ရရှိခဲ့ပါတယ်။ ဒါလည်းပဲ ၃၇.၃၃ ရာခိုင်နှုန်းပဲ ကျန်ရှိတဲ့အတွက် ကျွန်တော်တို့အနေနဲ့ကတော့ ဒီ Bio Masses ကို လျော့နည်းမှုမရှိနိုင်အောင် ဆက်ပြီး ကျွန်တော်တို့ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါတယ်။

မကြာခင်မှာလည်းပဲ နောက် နှစ်လ၊ သုံးလဆိုရင် ဒီနှစ်အတွင်းမှာပဲ Norwegian Government ကနေပြီးတော့မှခုနကပြောတဲ့ Dr. Fridtjof Nansen ရဲ့ Research Vessel ဟာ ဒုတိယအကြိမ်တော့ လာဦးမှာဖြစ်ပါတယ်။ အဲ့ဒီမှာ အဓိက ကျွန်တော်တို့ထိတာက ပင်လယ်ပြင်ငါးမှာ နှစ်မျိုးရှိပါတယ်။ (၁) က ရေပေါ်ငါးက ကျွန်တော်တို့နိုင်ငံရဲ့ ငါးဖမ်းနည်းစနစ်တွေဟာ အများဆုံး ထိခိုက်တာဖြစ်ပါတယ်။ သူတို့ Research ရဲ့ Result အရဆိုရင် ၉၀% Deflation ဖြစ်တယ်လို့

ဆိုပါတယ်။ Overfishing ဖြစ်တယ်လို့ဆိုပါတယ်။ အလားတူ ရေအောက်ငါးမှာကျတော့ ၆၀% Fishing Down ဖြစ်တယ်လို့ဆိုပါတယ်။ ဒီအတွက်ကြောင့် Total မှာ ၃၇.၃၃% သာကျန်ပါတယ်။ အဲဒါတွေကို Neighbouring Countries တွေ၊ ဘေးနိုင်ငံတွေနဲ့ ယှဉ်ကြည့်လိုက်တဲ့အခါမှာ ကျွန်တော်တို့က အများဆုံးဖြစ်ပါတယ်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် ဒါကို ကျွန်တော်တို့က ကိုယ့်နိုင်ငံရဲ့သယံဇာတကို ထိန်းဖို့အတွက်ဆိုရင် ဒီလုပ်ငန်းစဉ်တွေက ကျွန်တော်တို့ မဖြစ်မနေ ဒီ Closed Season၊ Closed Area ဆိုတာ ဆောင်ရွက်ရမှာဖြစ်တယ်ဆိုတာလေးကို ကျွန်တော့်အနေနဲ့ ထောက်ခံတင်ပြလိုပါတယ်။ သို့သော်လည်းပဲ ခုနက ကျွန်တော်ပြောခဲ့တဲ့အချက်အလက်တွေကို မူတည်ပြီးတော့မှ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့ကတော့ ဒီ ငါးမဖမ်းရရာသီသတ်မှတ်တဲ့နေရာမှာ ကျန်တဲ့ မွေးမြူရေးနှင့်ရေလုပ်ငန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနကနေပြီးတော့မှ လုပ်ငန်းရှင်တွေကို စည်းရုံးပြီးဆောင်ရွက်လျက်ရှိပါတယ်။ မကြာခင်မှာလည်း ကျွန်တော်တို့ ဆွေးနွေးပွဲတွေ ဆောင်ရွက်သွားဖို့ စီမံပြီးဖြစ်ပါတယ်။ အဲ့ဒီတော့ ငါးဖမ်းလုပ်ငန်းရှင်တွေအားလုံးကနေပြီးတော့မှ တာဝန်ရှိ၊ တာဝန်သိစိတ်နဲ့ Responsible Fisheries စိတ်ဓာတ်နဲ့ ပါဝင်ဆောင်ရွက်ဖို့လိုပါတယ်ဆိုတာလည်း ကျွန်တော်တို့ ဒီမှာအထူးပြုပြီး တင်ပြလိုပါတယ်။ ဒါကြောင့်မို့လို့ ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့အဆိုဟာ အင်မတန်မှ သင့်တော်သော်လည်းပဲ လက်ရှိအနေအထားနဲ့ လက်ရှိအခြေအနေအရဆိုရင် ဒီအဆိုကို မှတ်တမ်းတင်ထားသင့်ပါကြောင်း ဝန်ကြီးဌာနအနေနဲ့ ဆွေးနွေးတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဒီအဆိုတင်သွင်းသွားတဲ့ ဦးကင်းစိန်ရဲ့သဘောထား ပြန်လည်ပြောကြားဆွေးနွေးပေးပါ။

**ဦးကင်းစိန်(သရက်ချောင်းမဲဆန္ဒနယ်)**။ ။ ရိုသေလေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ယခုတင်သွင်းတဲ့အဆိုဟာ ယနေ့နိုင်ငံတော်နှင့် ပြည်သူအကျိုးအတွက် လက်တွေ့ဖြစ်ပေါ်နေသောအခြေအနေတွေကို အချိန်မီနှင့်အမြန်ဆုံးသုံးသပ်ဆောင်ရွက်ရမယ့်လုပ်ငန်းစဉ် မြန်မာ့ပင်လယ်ပြင်ရေသယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ကို အထူးအလေးထား ထိန်းသိမ်းစောင့်ရှောက်ရမယ့် အမျိုးသားရေးလုပ်ငန်းတာဝန်ဖြစ်တဲ့အတွက် မှတ်တမ်းတင်ထားရှိရုံနှင့် ပြည့်စုံလုံလောက်မှာမဟုတ်ပါဘူးခင်ဗျား။ ဒါကြောင့်မို့လို့ ကျွန်တော် တင်သွင်းသွားတဲ့အဆိုအား ဥက္ကဋ္ဌကြီးမှတစ်ဆင့်

ပြည်သူ့လွှတ်တော်ရဲ့ ဆန္ဒနဲ့အဆုံးအဖြတ်ကို လေးစားစွာခံယူသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဦးကင်းစိန်၊ သရက်ချောင်းမဲဆန္ဒနယ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားငါးဖမ်းလုပ်ငန်းရှင်များအား ငါးဖမ်းကွက်များသတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီငါးဖမ်းကွက် လေးကွက်တွင် ကမ်းဝေးငါးဖမ်းယာဉ်များကို စက်တင်ဘာလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ငါးဖမ်းရာသီဖြင့် (၉)လဖမ်းဆီးခွင့်ပြုထားပြီး ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ငါးမဖမ်းရရာသီအဖြစ် စဉ်ဆက်မပြတ်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုနှင့်စပ်လျဉ်းပြီး စက်ခလုတ်အသုံးပြု၍ ဆန္ဒမဲပေးတဲ့နည်းလမ်းဖြင့် ဆုံးဖြတ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆန္ဒမဲပေးဖို့အသင့်ဖြစ်စေလိုပါတယ်။ ဆန္ဒမဲပေးနိုင်ကြပါပြီ။

**ဥက္ကဋ္ဌ။** ။ ထောက်ခံမဲ ၂၆၃ မဲ၊ ကန့်ကွက်မဲ ၅ မဲ၊ ကြားနေမဲ ၉ မဲ ဖြစ်ပါတယ်။ ထောက်ခံတဲ့ကိုယ်စားလှယ်ဦးရေက များတဲ့အတွက် ဦးကင်းစိန်တင်သွင်းတဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် မြန်မာ့ရေပိုင်နက်အတွင်း တိုင်းရင်းသားငါးဖမ်းလုပ်ငန်းရှင်များအား ငါးဖမ်းကွက်များသတ်မှတ်၍ ရခိုင်၊ ဧရာဝတီ၊ မွန်၊ တနင်္သာရီငါးဖမ်းကွက်လေးကွက်တွင် ကမ်းဝေးငါးဖမ်းယာဉ်များကို စက်တင်ဘာလ ၁ ရက်နေ့မှ မေလ ၃၁ ရက်နေ့အထိ ငါးဖမ်းရာသီဖြင့် (၉)လဖမ်းဆီးခွင့်ပြုထားပြီး ဇွန်လ ၁ ရက်နေ့မှ ဩဂုတ်လ ၃၁ ရက်နေ့အထိ ငါးမဖမ်းရရာသီအဖြစ် စဉ်ဆက်မပြတ်သတ်မှတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော် အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး)အက်ဥပဒေကိုပြင်ဆင်သည့် ဥပဒေကြမ်း ကိုလက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၇ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်မရှိအတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ ပေးပို့ထားသော ၁၉၅၄ ခုနှစ်၊ နိုင်ငံတော်အထိမ်းအမှတ်များ(ဆင်ယင်ပြသမှုကန့်သတ်ရေး) အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို ၂-၂-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံ ဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပေါ် ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၂-၂၀၁၅ ရက်(တနင်္လာနေ့)နောက်ဆုံးထား၍ အမည်စာရင်းပေးပို့ကြရန် ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဥပဒေကြမ်းကို လက်ခံရရှိကြောင်းနှင့် ပြင်ဆင်ချက်အဆိုတင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်သို့အသိပေးတင်ပြခြင်း**

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာစတင်ဆွေးနွေး၍ ပြင်ဆင်ချက်ဖြင့်အတည်ပြုခဲ့ပြီး အမျိုးသားလွှတ်တော်သို့ပေးပို့ထားသော မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ဥပဒေကြမ်းကို ၆-၂-၂၀၁၅ ရက်နေ့မှာ အမျိုးသားလွှတ်တော်ကပြင်ဆင်ချက်များဖြင့်ပြန်လည်ပေးပို့လာပါတယ်။ ပြင်ဆင်ချက်မိတ္တူများကိုလည်း ကိုယ်စားလှယ်များထံဖြန့်ဝေပြီးဖြစ်ပါတယ်။ ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်းပြီး အမျိုးသားလွှတ်တော်၏ပြင်ဆင်ချက်အပေါ်ဆွေးနွေးရန် အဆိုတင်သွင်းလိုသူများအနေနဲ့ ပြင်ဆင်လိုသည့်ဥပဒေကြမ်း၏အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာကို တိတိကျကျဖော်ပြ၍ ၁၆-၂-၂၀၁၅ ရက်နေ့(တနင်္လာနေ့)နောက်ဆုံးထားပြီး အမည်စာရင်းပေးပို့ရန်ဖြစ်ကြောင်း အသိပေးကြေညာပါတယ်။

**မူကြမ်း**

## ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက ပထမအကြိမ်ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက်ပုံမှန် အစည်းအဝေး (၁၆) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၇)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ရပ်နားပါမယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး (၁၇)ရက်မြောက်နေ့ကို ၁၆-၂-၂၀၁၅ ရက်နေ့ (တနင်္လာနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ကျင်းပမှာဖြစ်ပြီး ယနေ့အစည်းအဝေးပြီးဆုံးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၁း၀၅။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၆)ရက်မြောက်နေ့ကို ၁၁း၀၅ နာရီအချိန်တွင် ရပ်နားပါသည်။]

**မူကြမ်း**